International IDEA

# အတိတ်ကို ကုစား၍ မျှတသော အနာဂတ် တည်ဆောက်ခြင်း




ဖတ်လွယ်၊ မှတ်လွယ်

# ဖတ်လွယ်၊ မှတ်လွယ်




ဤစာအုပ်ငယ်သည် ဖတ်လွယ်၊ မှတ်လွယ် နားလည်လွယ်ကူစေရန် ရေးသားပြုစု ထားသော စာအုပ်ဖြစ်သည်။ အချက်အလက် များကို အလွယ်တကူဖတ်ရှုနားလည်နိုင်ရန် ရိုးရှင်းစွာ ပုံဖော်ရေးသားထားပါသည်။





အချို့နားလည်ရခက်နိုင်သော စာလုံးများကို စာလုံး **အမည်းရောင်ထူထူ** ဖြင့် ရေးသားထား ပါသည်။ ထိုစာလုံးများအတွက် အဓိပ္ပါယ် ရှင်းလင်းချက် ဖော်ပြထားပါမည်။

ဤစာအုပ်ငယ်ကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) က ရေးသားထားခြင်း ဖြစ်သည်။



International IDEA သည် **ဒီမိုကရေစီ** ပြန့်ပွားရေးအတွက် ကမ္ဘာ့အရပ်ရပ်မှ အဖွဲ့အစည်းများစွာနှင့် လက်တွဲအလုပ် လုပ်ကိုင်လျက်ရှိပါသည်။



**ဒီမိုကရေစီ** ဆိုသည်မှာ မိမိနိုင်ငံအုပ်ချုပ် လည်ပတ်သည့်ပုံစံကို ပြည်သူများက အဆုံးအဖြတ်ပေး ရွေးချယ်နိုင်သည့် စနစ်ကို ဆိုလိုခြင်းဖြစ်သည်။

# ဤစာအုပ်ငယ်တွင် ပါဝင်သည့် အကြောင်းအရာများ


ဤစာအုပ်ငယ်၏ အဓိကအကြောင်းအရာ ........ ၄

အတိတ်ကပြဿနာများကို ဖြေရှင်းခြင်းနှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးခြင်း ........ ၇

အမှန်တရား ........ ၁၀

တရားမျှတမှု ........ ၁၄

အတိတ်ကအမှားများကို ပြင်ဆင်ခြင်း ........ ၁၇

ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ကတိပြုခြင်း ........ ၂၁

နိုင်ငံတကာမှ အတွေ့အကြုံများ ........ ၂၅

ထိုနိုင်ငံများမှ လေ့လာသင်ယူနိုင်သည့်အချက်များ ........ ၃၁


ပိုမိုလေ့လာရန် ........ ၃၂


ဘာသာပြန် - ဟိန်းထက် ၊ နော်ဂျက်နက်

# ဤစာအုပ်ငယ်၏ အဓိကအကြောင်းအရာ



ဤစာအုပ်ငယ်သည် စစ်ပွဲ သို့မဟုတ် **လူ့အခွင့်အရေးချိုးဖောက်မှုများ**ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများမှ နိုင်ငံများက မည်သို့ပြန်လည်ထူထောင်နိုင်ပုံကို ရေးသားထားသော စာအုပ်ဖြစ်သည်။ အဆိုပါ ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုနိုင်သည့် နည်းလမ်းနှစ်ရပ်ရှိပါသည်။




- (**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု** ဟုခေါ်သည့်) အတိတ်တွင် ဖြစ်ပွားခဲ့သည့် အမှားများကို ပြင်ဆင်ခြင်း။
- (**ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း** ဟု ခေါ်သည့်) အနာဂတ်တွင် ကျင့်သုံးနိုင်ရန် ပိုမိုကောင်းမွန်သည့် ဥပဒေများချမှတ်ခြင်း။



တစ်ဦးတစ်ယောက်ကို ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နာကျင်စေခြင်း သို့မဟုတ် ယုံကြည်ရာကို ပြောဆိုခွင့်မပေးခြင်း စသည့် ပိတ်ပင်ခြင်းများပြုလုပ်ပါက ထိုလုပ်ရပ်ကို **လူ့အခွင့်အရေးချိုးဖောက်ခြင်း** ဟုခေါ်ပါသည်။



**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု** ဆိုသည်မှာ အတိတ်ကအမှားများကို ပြင်ဆင်ရန် နည်းလမ်းများရှာဖွေခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ –



- ဖြစ်ပွားခဲ့သည့်အကြောင်းအရာများ အတွက် အမှန်တရားဖော်ထုတ်ခြင်း။



- အခြားသူများအပေါ် မှားယွင်းစွာပြုမူခဲ့ သူများအား ပြစ်ဒဏ်ပေးခြင်း။



- ထိခိုက်နစ်နာသူများအား ငွေကြေး၊ ကျန်းမာရေးအထောက်အပံ့များပေးအပ် ခြင်း။



**ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း** ဆိုသည်မှာ ငြိမ်းချမ်းသောအနာဂတ် တည်ဆောက်နိုင်ရန်အတွက် မျှတသော ဥပဒေများ၊ စနစ်များ ချမှတ်ခြင်းဖြစ်သည်။



**ဖွဲ့စည်းပုံအခြေခံဥပဒေ**သည် နိုင်ငံတစ်နိုင်ငံ၏ အရေးအကြီးဆုံး ဥပဒေဖြစ်သည်။ အစိုးရ၏ လုပ်ငန်းဆောင်ရွက်ပုံ၊ ပြည်သူများ၏ အခွင့်အရေးများနှင့် ဥပဒေများချမှတ်ပုံတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းဖော်ပြထားပါသည်။

နိုင်ငံတစ်နိုင်ငံသည် ပြဿနာများ ဖြေရှင်းပြီး နိုင်ငံကိုပြန်လည်ထူထောင်ရာတွင် အောက်ပါ အခွင့်အရေးများရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်လိုအပ်ပါသည်။




- လူတိုင်းပါဝင်မှုရှိစေရန်၊ လေးစားခံရမှုရှိရန် နှင့် လုံခြုံစိတ်ချမှုခံစားရစေရန်။
- ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် နောင်တွင် ပြဿနာများဖြစ်ပွားခြင်းကို တားဆီးရန်။
- ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှတသောဥပဒေများချမှတ်ရန်။

# အတိတ်ကပြဿနာများကို ဖြေရှင်းခြင်းနှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးခြင်း



စစ်ပွဲ သို့မဟုတ် ပဋိပက္ခဖြစ်ပွားပြီးနောက် **အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု** နှင့် **ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး** လုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံများသည် ပိုမိုတည်ငြိမ်အေးချမ်းလာနိုင်ပါသည်။



**အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု** သည် အတိတ်က ပြဿနာများကို ဖြေရှင်းပြီး **ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး** သည် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှတသော ဥပဒေများကို ချမှတ်ပါသည်။



ယင်းနှစ်ရပ်ကို အတူတကွဆောင်ရွက်ပါက

- ပြည်သူများအတွက် ပိုမိုကောင်းမွန် မျှတသော ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ပါသည်။



- ပြဿနာများထပ်မံ ဖြစ်ပွားခြင်းကိုလည်း တားဆီးနိုင်ပါသည်။

- ပိုမိုကောင်းမွန်သော အနာဂတ် တည်ဆောက်ရာတွင် ယောကျ်ား၊မိန်းမ၊ မသန်စွမ်း နှင့် **လူနည်းစုများ**အပါအဝင် လူအားလုံး ပါဝင်မှုရှိစေရန် အာမခံပေး နိုင်ပါသည်။




**လူနည်းစုများ**ဆိုသည်မှာ လူအများစုနှင့် ယှဉ်ပါက လူမျိုးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော်လည်းကောင်း သို့မဟုတ် ဘာသာရေးအရသော် လည်းကောင်း ကွဲပြားသည့် လူဦးရေ အနည်းငယ်သာရှိသော လူအုပ်စုများကို ဆိုလိုခြင်းဖြစ်သည်။



- ငြိမ်းချမ်းရေး တည်မြဲစေပါသည်။

အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် အစိတ်အပိုင်း ၄ ခု ရှိပါသည်။ ၎င်းတို့မှာ –




- အမှန်တရား၊



- တရားမျှတမှု၊



- အတိတ်ကအမှားများကို ပြင်ဆင်ခြင်း၊



- ပိုမိုကောင်းမွန်သော အနာဂတ် တည်ဆောက်ရန် ကတိပြုခြင်း။

# အမှန်တရား



အမှန်တရားဖော်ထုတ်ခြင်းဖြင့် စစ်ပွဲ
သို့မဟုတ် ပဋိပက္ခအတွင်း ဖြစ်ပွားခဲ့သည့်
အကြောင်းအရာများကို အများပြည်သူ သိရှိ
နားလည်နိုင်စေရန် ကူညီပေးနိုင်ပါသည်။
အောက်ပါများကို ဆောင်ရွက်ခြင်းဖြင့် အမှန်
တရားဖော်ထုတ်နိုင်ပါသည်။

- ထိခိုက်နစ်နာသူများ၏ အသံကို နားထောင်ခြင်း။
- ဖြစ်ပွားခဲ့သည်များကို မှတ်တမ်းတင်ခြင်း။
- ပြည်သူလူထုအား အဖြစ်မှန်များ တင်ပြခြင်း။



နိုင်ငံအတော်များများတွင် အမှန်တရား
ဖော်ထုတ်ရန် **အမှန်တရားရှာဖွေရေး
ကော်မရှင်များ** ဖွဲ့စည်းတည်ထောင်ထား
လေ့ရှိကြသည်။


**အမှန်တရားရှာဖွေရေးကော်မရှင်** ဆိုသည်မှာ
အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများ
ကို စုံစမ်းစစ်ဆေးသော အဖွဲ့အစည်း
ဖြစ်သည်။

## အမှန်တရားရှာဖွေဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ခုက အောက်ပါအတိုင်း အထောက်အကူပြုနိုင်ပါသည်။




- ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများကို အမှန်တရား သိရှိခွင့် ပေးပါသည်။


- အတိတ်က အဖြစ်အပျက်များကို စုံစမ်းစစ်ဆေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမှန်တရားရှာဖွေရေးကော်မရှင် တည်ထောင်နိုင်ပါသည်။



- အတိတ်ကအဖြစ်အပျက်များအကြောင်းကို ပြည်သူများက ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်သည့်အပြင် အတိတ်ကပဋိပက္ခများကို ကုစားရာတွင်လည်း အထောက်အကူပြုပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိတ်က အမှားများအပေါ် သင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သော အနာဂတ်တည်ထောင်ရန် ကတိပြုထားပါသည်။

## အမှန်တရားဖော်ထုတ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဘာကြောင့် ထည့်သွင်းသင့်ပါသလဲ။




- ထိုသို့ထည့်သွင်းခြင်းဖြင့် ဥပဒေများသည် ပိုမိုခိုင်မာတည်မြဲပါသည်။

- အစိုးရက ထိုအမှန်တရားဖော်ထုတ်ခွင့်ကို အလွယ်တကူ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုလုပ်နိုင်ပါ။



- ပြဿနာများကို စုံစမ်းစစ်ဆေးရန် အမှန်တရားရှာဖွေရေးကော်မရှင်အား လုပ်ပိုင်ခွင့်အာဏာ ပိုမိုရရှိစေပါသည်။

ဥပမာများ



- ကိုလမ်ဘီယာ နှင့် ဆိုမာလီယာ နိုင်ငံများတွင် အမှန်တရားရှာဖွေရေးကော်မရှင်များ ထားရှိရန် ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်းဖော်ပြထားပါသည်။




- နီပေါနိုင်ငံတွင် လူ့အခွင့်အရေးကော်မရှင်သည် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး အရေးယူနိုင်သော အာဏာရှိပါသည်။



- ကင်ညာနိုင်ငံတွင်မူ မြေယာပြဿနာများ ကို ဖြေရှင်းရန် မြေယာကော်မရှင် ဖွဲ့စည်း တည်ထောင်ထားပါသည်။

အမှန်တရားရှာဖွေခြင်းသည် အမြဲတမ်းတော့ မလွယ်ကူလှပါ။



- ပြဿနာ၏ တစ်ဖက်တည်းကိုသာ နားထောင်ပါက တစ်ခါတစ်ရံ အမှန်တရား ရှာဖွေခြင်းက ပြဿနာတိုးစေပါသည်။



- ချမှတ်လိုက်သော ဥပဒေစည်းမျဉ်းအသစ် အရ လူတစ်စုသည် နစ်နာသူများသာဖြစ်ပြီး အခြားတစ်စုသည် ပြစ်မှုကျူးလွန်သူများသာ ဖြစ်သည်ဟု ပြောဆိုကြပါက ပြဿနာ တိုးပွားနိုင်ပါသည်။



- ပြဿနာက ဘယ်ပုံဘယ်နည်းဖြစ်ပျက်ခဲ့ သည် ဆိုသည့်အပေါ် အမြင်သဘော မတူသည်များလည်း ရှိနိုင်သည်။

# တရားမျှတမှု



**တရားမျှတမှု** ဆိုသည်မှာ လူတိုင်း မျှတစွာ ပြုမူဆက်ဆံခံရရေးကို ဆိုလိုသည်။ တရား မျှတမှုသည် နစ်နာသူများကို ဖေးမကူညီပြီး ဥပဒေချိုးဖောက်သူများအပေါ် ပြဒဏ်ချမှတ်ပါသည်။



တရားမျှတမှုဖော်ဆောင်ရာတွင် လူတိုင်းကို တန်းတူညီမျှ ဆက်ဆံရပါမည်။

- နစ်နာသူများအား လိုအပ်သည့် အကူအညီ အထောက်အပံ့များပေးအပ်ရပါမည်။
- စွပ်စွဲခံရသူများအားလည်း ရှေ့နေ အကူအညီ နှင့်အတူ မျှတသည့် တရားစီရင်မှု ပေးအပ်ရပါမည်။





- သြဇာအာဏာကြီးသူများလည်း ဥပဒေကို လိုက်နာရပါမည်။




ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ခုသည် အထက်ပါအခွင့်အရေးများကို အကာအကွယ် ပေးပြီး ဥပဒေအား အားလုံးအပေါ် မျှတစွာ သက်ရောက်စေပါသည်။

## တရားမျှတမှု ရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ကောင်းတစ်ခုက အောက်ပါအတိုင်း ပံ့ပိုးကူညီ ပေးနိုင်ပါသည်။




- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှမှု ရှိစေရေးအတွက် စည်းမျဉ်းဥပဒေများချမှတ် ထားပါသည်။

- ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရအပါအဝင် လူတိုင်းကို ဥပဒေလိုက်နာစေပါသည်။



- နစ်နာသူများ၏ အခွင့်အရေးများကို ကာကွယ် ပေးသလို တရားမျှတမှု တောင်းဆိုပိုင်ခွင့်ကို လည်း လူတိုင်းအား ပေးအပ်ထားပါသည်။



- ရာဇဝတ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လွတ်လပ်သည့် တရားရုံးများ ဖွဲ့စည်း တည်ထောင်ရေးကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ချမှတ်ထားပါသည်။

- စွပ်စွဲခံရသူများအတွက်လည်း မျှတသည့် တရားစီရင်မှု ဖြစ်စေရန် အာမခံပေးပါသည်။



တရားရေးလုပ်ငန်းစဉ်များသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေကို လေးစားလိုက်နာရပါမည်။



တရားရုံးများသည် ဥပဒေကို ကာကွယ်ပြီး လူတိုင်း ဥပဒေလေးစားလိုက်နာရေး အတွက် အရေးပါပါသည်။



ရဲတပ်ဖွဲ့ နှင့် တရားရုံးများသည် ၎င်းတို့၏ လုပ်ဆောင်ချက်များအပေါ် တာဝန်ယူမှုရှိရန်လိုအပ်ပြီး ပြည်သူများအား မျှတစွာပြုမူဆက်ဆံရပါမည်။ ထို့ကြောင့် ၎င်းတို့အား ပြုပြင်ပြောင်းလဲရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။

# အတိတ်ကအမှားများကို ပြင်ဆင်ခြင်း

အောက်ပါများကို ဆောင်ရွက်ခြင်းဖြင့် အတိတ်ကအမှားများကို ပြင်ဆင်နိုင်ပြီး နစ်နာသူများကို ပြန်လည်ထူထောင်နိုင်ရန် ကူညီပေးနိုင်ပါသည်။



- နစ်နာသူများအား ငွေကြေးထောက်ပံ့ခြင်း



- ဆေးဝါးကုသမှုအပါအဝင် စိတ်ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း



- နစ်နာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပညာသင်ဆုပေးခြင်းဖြင့် ပညာရေးပံ့ပိုးခြင်း




- အတိတ်ကဖြစ်ရပ်များကို အောက်မေ့သတိရရန် ရုပ်ထုများ သို့မဟုတ် ပြတိုက်များထားရှိခြင်း



- ခိုးယူထားသော မြေယာ၊ အိုးအိမ်များကို ပြန်ပေးခြင်း




- အစိုးရက အတိတ်ကအမှားများအပေါ် ဝန်ချတောင်းပန်ခြင်း

## အတိတ်ကအမှားများကို ပြင်ဆင်ရန် ဘာကြောင့် အရေးကြီးပါသလဲ။ အတိတ်ကအမှားများကို ပြင်ဆင်ခြင်းဖြင့် –



- နစ်နာသူများကို တန်ဖိုးထား၊ ပြန်လည်ကုစားပေးရာတွင် အထောက်အကူပြုပါသည်။
- တရားမျှတမှုနှင့် ငြိမ်းချမ်းရေး ရရှိစေသည်။




- နိုင်ငံတကာဥပဒေများတွင်လည်း အစိုးရက နစ်နာသူများကို ကူညီရမည်ဟု ပြောထားသည်။
- အတိတ်ကအမှားများ ပြင်ဆင်ခြင်းကို နစ်နာသူများအတွက် ရပိုင်ခွင့်တစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချမှတ်နိုင်သည်။


ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ရပ်သည် အတိတ်ကအမှားများ ပြင်ဆင်ခြင်းကို အောက်ပါ နည်းလမ်း ၃ ရပ်ဖြင့် ကူညီပေးနိုင်သည်။

## ၁။ အတိတ်တွင် ကျူးလွန်ခဲ့သည့် အမှားကို အသိအမှတ်ပြုခြင်း




- အတိတ်တွင် ဖြစ်ပွားခဲ့သည့် အမှားများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသိအမှတ်ပြုလျက် ထိခိုက်နစ်နာခဲ့ရသူများကို ဂုဏ်ပြုနိုင်သည်။
- ဥပမာ - အချို့နိုင်ငံများတွင် ၎င်းတို့နိုင်ငံ၏ အတိတ်မှ ထိခိုက်နာကျင်ဖွယ် ဖြစ်ရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးသားထားကြသည်။

## ၂။ နစ်နာသူများကို အကူအညီပေးခြင်း



- အချို့ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် စစ်ပွဲအတွင်း သို့မဟုတ် အကြမ်းဖက်မှုအတွင်း ထိခိုက်ခံခဲ့ရသူများကို အထူးအကူအညီများ ပေးအပ်ရန် ကတိပြုထားပါသည်။



- ထိုအကူအညီများတွင် ငွေကြေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေး အခွင့်အလမ်းများ ပေးအပ်ခြင်းတို့ ပါဝင်သည်။

## ၃။ ဖယ်ကြဥ်ခံလူအုပ်စုများကို ကူညီပံ့ပိုးပေးခြင်း



**ဖယ်ကြဥ်ခံလူအုပ်စုများ** ဆိုသည်မှာ ခွဲခြားဆက်ဆံခံရသူများ၊ ၎င်းတို့၏ လိုလားချက်များကို အလေးထားမခံရသူများဖြစ်သည်။

တစ်ချို့သော လူအုပ်စုများ (လူနည်းစုများ) သည် ခွဲခြားဆက်ဆံခြင်းကို နှစ်ပေါင်းများစွာ ခံစားနေကြရသည်။



- အတိတ်ကဖြစ်ပွားခဲ့သည့် အမှားများကို ပြင်ဆင်ရန် ဖယ်ကြဥ်ခံလူအုပ်စုများကို ရပိုင်ခွင့်များ၊ မြေများနှင့် ပစ္စည်းဥစ္စာများ ပေးအပ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ချမှတ်ထားနိုင်သည်။

- ဥပမာ - နီပေါနိုင်ငံတွင် စစ်ပွဲအတွင်း ထိခိုက်နစ်နာခဲ့ရသူများကို မြေနှင့် ငွေကြေး အကူအညီများ ပေးအပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကတိပြုထားသည်။

# ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ကတိပြုခြင်း



ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ကတိပြုခြင်းဆိုသည်မှာ အမှားများ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ခြင်းဖြစ်သည်။


**ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ကတိပြုခြင်းသည် အရေးကြီးပါသည်။ ထိုကဲ့သို့ ကတိပြုခြင်းအားဖြင့်**



- အနာဂတ်တွင်  ပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်ပေးပါသည်။
- အတိတ်တွင် ဖြစ်ပွားခဲ့သည့် အမှားများ ထပ်မံမဖြစ်ပွားစေရန် တားဆီးပေးပါသည်။
- အနာဂတ်တွင် လူတိုင်း ဘေးကင်းလုံခြုံမှု ရှိပြီး၊ တရားမျှတမှုရှိစေပါသည်။

အနာဂတ်တွင် ထိုပြဿနာများ ထပ်မံမဖြစ်ပွား စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ခုက အောက်ပါ နည်းလမ်း ၃ ရပ်ဖြင့် ကူညီပေးနိုင် ပါသည်။


## ၁။ အစိုးရအဖွဲ့အစည်းများကို ပြုပြင် ပြောင်းလဲခြင်း




- ရဲတပ်ဖွဲ့နှင့် အစိုးရကို ပြုပြင်ပြောင်းလဲရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စည်းမျဉ်းများ ချမှတ်နိုင်သည်။



- တရားရုံးများနှင့် ဥပဒေများကိုလည်း ပြင်ဆင်ရန် စည်းမျဉ်းများ ချမှတ်နိုင်သည်။



- သမ္မတ၊ လွှတ်တော်နှင့် တရားရုံး စသည့် အစိုးရအဖွဲ့အစိတ်အပိုင်း အသီးသီး အကြား အာဏာခွဲဝေရေးအတွက် စည်းမျဉ်းများ ချမှတ်ပေးနိုင်သည်။

- မည်သည့်ခေါင်းဆောင်ကမှ အားလုံးကို တစ်ဦးတည်း မထိန်းချုပ်နိုင်စေရန် ကာကွယ်ပေးပါသည်။

## ၂။ လူ့အခွင့်အရေးများကို ကာကွယ်ပေးခြင်း




- ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူ့အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ပေးနိုင်သည်။



- ခွဲခြားဆက်ဆံခြင်းများ မရှိစေရေး အတွက် စည်းမျဉ်းများ ချမှတ်နိုင်ပါသည်။




- **လူ့အခွင့်အရေးသဘောတူစာချုပ်** များကို လိုက်နာစေရန်လည်း ကတိကဝတ်များ ထည့်သွင်းနိုင်သည်။

**လူ့အခွင့်အရေးသဘောတူစာချုပ်** ဆိုသည်မှာ လူသားတို့၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် လူတိုင်းကို လေးစားမှုရှိစွာ ပြုမူဆက်ဆံရန် နိုင်ငံများအချင်းချင်းကြား ကတိပြုထားခြင်းဖြစ်သည်။

## ၃။ အစိုးရအဖွဲ့တွင် ဖြောင့်မတ်မှန်ကန်သော သူများသာ တာဝန်ထမ်းဆောင်စေခြင်း




- လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာဇဝတ်မှုကျူးလွန်ခဲ့သူများကို အစိုးရအဖွဲ့မှ ဖယ်ရှားရန်အတွက် အစိုးရဝန်ထမ်းများ၏ နောက်ခံအချက်အလက်များကို စစ်ဆေးနိုင်သည့် စည်းမျဉ်းများလည်း ချမှတ်နိုင်သည်။



- အနာဂတ်တွင် ဖြောင့်မတ်မှန်ကန်ပြီး၊ ယုံကြည်စိတ်ချရသော သူများသာ အစိုးရအလုပ်ရရှိစေရေးအတွက် စည်းမျဉ်းအသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ချမှတ်နိုင်သည်။

# နိုင်ငံတကာမှ အတွေ့အကြုံများ

## တောင်အာဖရိကနိုင်ငံ




တောင်အာဖရိကနိုင်ငံတွင် **အသားအရောင်ခွဲခြားအုပ်ချုပ်သည့်စနစ်** ကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့ပါသည်။

**အသားအရောင်ခွဲခြားအုပ်ချုပ်သည့်စနစ်** ဆိုသည်မှာ အသားဖြူသည့် လူဖြူနိုင်ငံသားများက အာဏာအားလုံးကို ဆုပ်ကိုင်ထားပြီး အသားမည်းသည့် လူမည်းတောင်အာဖရိကသားများကို အနိုင်ကျင့်အုပ်ချုပ်သည့် စနစ်ဖြစ်သည်။




၁၉၉၄ ခုနှစ်တွင် ထိုစနစ်အဆုံးသတ်ခဲ့ပြီး တောင်အာဖရိကနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ အဖြစ် ပြောင်းလဲလာခဲ့ပါသည်။

### ထိုပြဿနာများကို မည်သို့ဖြေရှင်းခဲ့ပြီး တရားမျှတမှုကို မည်သို့ ဖော်ဆောင်ခဲ့ပါသလဲ။




- ၁၉၉၆ ခုနှစ် တောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သွားမည်ဟု ကတိပြုခဲ့ပါသည်။



- အသားအရောင်ခွဲခြားအုပ်ချုပ်သည့်စနစ် နောင်တွင် ထပ်မံမဖြစ်ပွားစေရေး အတွက်လည်း ကတိပြုခဲ့ပါသည်။



- အပြောင်းအလဲများကို ငြိမ်းချမ်းစွာ လက်ခံအားပေးစေရန် လူဖြူလူနည်းစု များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အကာအကွယ်ပေးခဲ့ပါသည်။




- အသားအရောင်ခွဲခြားအုပ်ချုပ်သည့်စနစ် ကြောင့် နစ်နာခဲ့ရသူများအတွက် အမှန်တရားရှာဖွေရေးနှင့် ပြန်လည်သင့်မြတ်ရေး ကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။



- ပြစ်မှုကျူးလွန်ခဲ့သူများကို ပြစ်ဒဏ်ပေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံခဲ့သူ အချို့ကိုမူ ခွင့်လွှတ်ခဲ့ကြပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများ လည်း ရှိခဲ့ပါသည်။



- ပြစ်မှုကျူးလွန်ခဲ့သူများကို ပြစ်ဒဏ်ပေး ရာတွင် ကျူးလွန်သူအားလုံး ပါဝင်မှု မရှိဟု ပြည်သူအချို့က ခံစားကြရပါသည်။



- နှစ်နာသူများနှင့် အိုးအိမ်ဆုံးရှုံးသွားခဲ့ရ သူများကို အကူအညီပေးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေများတွင် မချမှတ် ခဲ့ကြပါ။

# နီပေါနိုင်ငံ

နီပေါနိုင်ငံတွင် အစိုးရနှင့် **တော်လှန်ရေး တပ်ဖွဲ့များ** အကြား **ပြည်တွင်းစစ်** ၁၀ နှစ်ကျော်ကြာ ဖြစ်ပွားခဲ့ပါသည်။




**ပြည်တွင်းစစ်** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ အတွင်းရှိ အတူတကွနေထိုင်ကြသူများ အကြား အပြန်အလှန်တိုက်ခိုက်ကြခြင်း ဖြစ်သည်။ အကြောင်းရင်းမှာ နိုင်ငံကို မည်သူက ဦးဆောင်မလဲ၊ မည်သို့အုပ်ချုပ် မလဲဆိုသည့်အပေါ် သဘောမတူကြခြင်း ကြောင့် ဖြစ်နိုင်သည်။



**တော်လှန်ရေးတပ်ဖွဲ့များ** ဆိုသည်မှာ အစိုးရ၏ စည်းမျဉ်းများနှင့် ဆုံးဖြတ်ချက်များ ကို သဘောမတူ၊ လက်မခံနိုင်သောကြောင့် အစိုးရကို တိုက်ခိုက်ကြသူများဖြစ်သည်။




နီပေါနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားရခြင်း အကြောင်းအရင်းမှာ အစိုးရတွင် အာဏာ အများအပြားရှိနေပြီး ခွဲခြားဆက်ဆံမှုများ လည်းရှိနေသည်ဟု လူအုပ်စုအချို့က ခံစား ရသောကြောင့်ဖြစ်သည်။



ပြည်တွင်းစစ်အတွင်း လူအများအပြား သေကြေခဲ့ရပြီး ပျောက်ဆုံးသွားသူများလည်း ရှိသည်။

**ထိုပြသာနာများကို မည်သို့ဖြေရှင်းခဲ့ပြီး တရား မျှတမှုကို မည်သို့ ဖော်ဆောင်ခဲ့ပါသလဲ။**




- အစိုးရနှင့် တော်လှန်ရေးတပ်ဖွဲ့များအကြား ငြိမ်းချမ်းရေး၊ တရားမျှတမှုရှိရေးနှင့် ပိုမို ကောင်းမွန်သော အနာဂတ်တည်ဆောက် ရေးအတွက် သဘောတူညီမှုတစ်ရပ် ရယူခဲ့ ကြပါသည်။




- ထိုသဘောတူညီချက်ကို အကောင်အထည် ဖော်ဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ် ရေးဆွဲခဲ့ကြပါသည်။
- စစ်ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက် မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ကော်မရှင်များကို ဖွဲ့စည်းခဲ့ကြပါသည်။



- ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်ပွဲအတွင်း နစ်နာခဲ့ရသူများအတွက် ပညာသင်ယူနိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု ရယူပိုင်ခွင့်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နေအိမ်များ ပြန်လည်ချထားပေးခြင်း စသည့် အထူး အခွင့်အရေးများကို ပေးအပ်ရန်ကတိပြုခဲ့ကြ ပါသည်။




- အစိုးရအာဏာကို ပိုမိုမျှတစွာ ခွဲဝေအုပ်ချုပ် ရန်နှင့် နိုင်ငံအတွင်းရှိ လူအုပ်စုအားလုံး အသိအမှတ်ပြုလေးစားခံရပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်မှုရှိစေရန်အတွက် အစိုးရ အုပ်ချုပ်ရေးစနစ်အား **ဖက်ဒရယ်စနစ်** သို့ ပြောင်းလဲခဲ့ပါသည်။




**ဖက်ဒရယ်စနစ်**ဆိုသည်မှာ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်၊ သို့မဟုတ် တိုင်းဒေသ အစိုးရများ အကြား အာဏာခွဲဝေအုပ်ချုပ် သည့် စနစ်ဖြစ်သည်။


ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများ လည်း ရှိခဲ့ပါသည်။



- ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် လုပ်ငန်းစဉ်ကို အင်အားကြီးနိုင်ငံရေး ခေါင်းဆောင်များက အဓိက ထိန်းချုပ်ခဲ့ကြသည်။



- အချို့ လူနည်းစုများနှင့် ဖယ်ကြဉ်ခံ လူအုပ်စုများကို လုပ်ငန်းစဉ်အတွင်း ပါဝင်စေခြင်းမရှိခဲ့ပါ။



- ကော်မရှင်များသည် ငွေကြေး၊ ဝန်ထမ်း အရေအတွက်နှင့် အကူအညီများ အလုံအလောက် မရရှိသောကြောင့် ၎င်း တို့၏ အလုပ်များကို ကောင်းမွန်စွာ မလုပ်နိုင်ခဲ့ကြပါ။




- အစိုးရသည် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို အကောင်အထည်ဖော် ရာတွင် နစ်နာသူများ၏ သဘောထားများ နှင့် လိုအပ်ချက်များကို ဦးစားပေးမှု မရှိခဲ့ပါ။



- စစ်ပွဲအတွင်း နစ်နာခဲ့ရသူများသည် တရား မျှတမှုရှာဖွေခြင်းလုပ်ငန်းစဉ်မှ ရလဒ်များ၊ အဖြေများ မရရှိခဲ့သောကြောင့် ထိုလုပ်ငန်းစဉ် အပေါ် အယုံအကြည်မဲ့လာခဲ့ကြသည်။

# ထိုနိုင်ငံများမှ လေ့လာသင်ယူနိုင်သည့် အချက်များ



- အတိတ်တွင် ဖြစ်ပွားခဲ့သည့် ပြဿနာများကို ဖြေရှင်းလျက် တစ်ချိန်တည်းမှာပင် ပိုမိုကောင်းမွန်သော အနာဂတ် တည်ဆောက်ရန် အရေးကြီးပါသည်။



- ဖွဲ့စည်းပုံအခြေခံဥပဒေကောင်းတစ်ရပ်သည် နစ်နာသူများကို ကာကွယ်ပေးရမည်ဖြစ်ပြီး နောင်အနာဂတ်တွင် ပြဿနာများ ထပ်မံ မဖြစ်ပွားအောင် တားဆီးပေးရပါမည်။



- တရားမျှတမှုသည် အစိုးရအုပ်ချုပ်ရေးနှင့် စနစ်အသစ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ရပါမည်။



- ပြည်သူများသည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်ရန် လိုအပ်ပါသည်။



- မျှတပြီး တန်းတူညီမျှမှုရှိရေးအတွက် လူတိုင်း ပါဝင်နိုင်ခွင့်ရှိရပါမည်။

# ပိုမိုလေ့လာရန်

International IDEA အကြောင်းကို ဤဝဘ်ဆိုဒ်တွင် လေ့လာနိုင်ပါသည်။
www.idea.int


ဆက်သွယ်ရန်လိပ်စာ

- စာတိုက်
  International IDEA
  Strömsborgsbron 1
  SE-103 34 စတော့ဟုမ်းမြို့
  ဆွီဒင်နိုင်ငံ

- ဖုန်းနံပါတ် +46 8 698 37 00

- အီးမေးလ် publications@idea.int



ဤစာအုပ်ငယ်တွင် Canva မှ လိုင်စင်ခွင့်ရှိသော ရုပ်ပုံများပါဝင်သည်။
စာအုပ်အဖုံးမှ ရုပ်ပုံကို ChatGPT ဖြင့် ရေးဆွဲထားပါသည်။



© 2025 International Institute for Democracy and Electoral Assistance